| ၂၂၂။ | ဦးထန်ဂင့်ဆုမ်း | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၃။ | ဦးဆောမ်းရုန်းဆာန် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၄။ | ဦးဝင်းစိုးစံ | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၅။ | ဦးလင်းမင်းသက် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၆။ | ဦးစိုးမိုးသူ | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၇။ | ဒေါ်မိုးသူဇာခိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၂၈။ | ဦးကျော်ကျော်နိုင် | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၂၉။ | ဦးသက်ဇော်မျိုး | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၀။ | ဦးကိုကိုမောင် | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၁။ | ဦးဇင်ပိုင်စိုး | စက်ခေါင်းမောင်း(၄) မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၂။ | ဦးဝင်းညွန့် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၃။ | ဦးသောင်းထိုက် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၄။ | ဦးကျော်ဇင်လတ် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၅။ | ဦးရှိန်းထွဋ်ဇော် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၆။ | ဦးသန့်ဇင် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၇။ | ဦးသီဟညီညီ | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၈။ | ဦးဝင်းဇော်အောင် | စက်ခေါင်းမောင်း(၅)မီးထိုး၊ မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၉။ | ဦးဇော်ဖေ | အဖွဲ့ဝင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ | မန္တလေးတိုင်းဒေသကြီး |
| ၂၄၀။ | ဒေါ်တင်တင်လတ် | ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၂၄၁။ | ဒေါ်ခင်မေစိုး | ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၂၄၂။ | ဦးဘရန်မိုင် | မန်နေးဂျင်းဒါရိုက်တာ၊ ပေါက်ကြွယ်ဝကုမ္ပဏီလီမိတက် | |

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၄၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ကြည်း ၃၁၆၆၇ ဗိုလ်မှူးကြီး သိန်းဇော်မြင့် အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၄၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ် အောင်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဦးသိုက်စိုး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**အကြံပေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးခြင်း**

ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အကြံပေးနိုင်ရန်အတွက် ဒေါက်တာ ဌေးအောင် အား အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

**၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ကောင်စီဝင်တစ်ဦး၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာ (မူကြမ်း) အား အချိန်မီရေးသားပြုစုတင်ပြနိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် အတည်ပြုပေးခြင်း၊

(ခ) ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကိုဖော်ဆောင်နိုင်မည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားအောင်ပွဲနေ့၏အဓိပ္ပာယ်နှင့် အနှစ်သာရများကို လူငယ်လူရွယ်များ သိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးအတွက် အမျိုးသားအောင်ပွဲနေ့ကျင်းပနိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို မြန်မာတစ်နိုင်ငံလုံး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်း လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ အကောင်အထည်ဖော်ဆောင်ရာတွင် လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရေးလုပ်ငန်းအဖွဲ့ (မြန်မာဘက်) ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်မှူးချုပ် ၁ ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | ဥက္ကဋ္ဌ |
| ( ခ ) | အရာရှိကြီး ၁ ဦး<br>ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ရေကြောင်းပြမှူးကြီး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ရဲမှူးကြီး<br>ရေကြောင်းရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဌာနကြီးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
နိုင်ငံတကာရေးရာဦးစီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်သင်္ဘောများ၏ လမ်းကြောင်းရှာဖွေရေးလွယ်ကူစေရန် အချက်အလက်များ မျှဝေရေးအတွက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာရေကြောင်းအဖွဲ့ အသိအမှတ်ပြုဒေသဆိုင်ရာအချက်အလက်ဗဟိုဌာန (IMO– Mandated Regional Data Centres) မှတစ်ဆင့် တာဝေးထောက်လှမ်းခြင်းနှင့် လမ်းကြောင်းရှာဖွေခြင်း (Long Range Identification and Tracking –LRIT) ကို အသုံးပြုခြင်း၊

(ခ) ကုန်သွယ်ရေးသင်္ဘောများ သွားလာမှုနှင့်စပ်လျဉ်း၍ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ခြင်းမရှိသည့် သတင်းအချက်အလက်များနှင့် အကဲဆတ်မှုမရှိသော သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ဂ) အလိုအလျောက် အမျိုးအစားခွဲခြားသည့်စနစ် (Automatic Identification System–AIS) ဖြင့် အချက်အလက်များ မျှဝေခြင်း၊

(ဃ) ပင်လယ်ပြင်ပိုင်နက်ဆိုင်ရာ အသိပညာပေးရေး (Maritime Domain Awareness–MDA) သင်တန်းများပေးခြင်း၊

(င) ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးနယ်ပယ်ရှိ ပင်လယ်ပြင်ဆိုင်ရာ ချိတ်ဆက်မှုများကို ခိုင်မာစေခြင်း၊ ရေကြောင်းကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုဌာနများ (Maritime Rescue Coordination Centre–MRCC) တည်ဆောက်ရာတွင် ကျွမ်းကျင်မှုနှင့် နည်းပညာ အကူအညီများမျှဝေခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များနှင့် လုံခြုံမှုသတင်းအချက်အလက်များလက်ခံရယူခြင်း၊လွှဲပြောင်းပေးပို့ခြင်းပြုရာတွင်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး (Search and Rescue–SAR) လေ့ကျင့်မှုသင်တန်းများဆောင်ရွက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံများက သဘောတူညီလုပ်ဆောင်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော ဆက်သွယ်ရေးဌာနများ (Points of Contact–POC) အကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းများနှင့် သုံးသပ်ချက်များပြုလုပ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ခြင်းနှင့် ပင်လယ်ရေပြင်၌ တရားမဝင်လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဆက်သွယ်မှုလမ်းကြောင်းကို ထိန်းသိမ်းခြင်း၊

(ဆ) နိုင်ငံတကာရေကြောင်းအဖွဲ့ အစည်း၏ သတ်မှတ်အဆင့် (၁) နှင့် (၂) သင်တန်းများပေးခြင်းမှတစ်ဆင့် ပင်လယ်ပြင်ညစ်ညမ်းမှုတုံ့ပြန်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေခြင်း၊ နှစ်နိုင်ငံအတွင်း ဖြစ်ပေါ်လာနိုင်သော မမျှော်မှန်းနိုင်သည့်ကိစ္စများအတွက် စီမံချက်များချမှတ်ခြင်း၊ အပြန်အလှန်ကူညီခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများတွင် ထောက်ပံ့ပေးခြင်းနှင့် ပင်လယ်ပြင်ညစ်ညမ်းမှု တုံ့ပြန်ရေးဆိုင်ရာ ဖြေရှင်းရေးအတွက် လေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာရေတပ်နှင့် ကမ်းခြေစောင့်တပ်များအကြား ဖြစ်နိုင်မှုရှိသည့် နယ်ပယ်များတွင် ပင်လယ်ပြင်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းကင်းလှည့်ခြင်းများ၊ စားပွဲတင်လေ့ကျင့်ခန်းများ (tabletop exercises) နှင့် နီးနှောဖလှယ်ပွဲများအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဈ ) သတ်မှတ်ထားသည့် အမျိုးသားဆူနာမီနှင့် ဆိုင်ကလုန်း သတိပေးဗဟိုဌာနများအပြင် သဘောတူထားသည့် ဆက်သွယ်ရေးဌာနများသို့ ဆူနာမီနှင့် ဆိုင်ကလုန်းသတိပေးချက်များအား တစ်ပြိုင်တည်း မျှဝေဖလှယ်ခြင်း၊

(ည) ပင်လယ်ပြင်၌ တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဥပဒေရေးရာနှင့် မူဝါဒရေးရာ ကိစ္စရပ်များကို ဖော်ထုတ်ဖြေရှင်းခြင်း၊

( ဋ ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးနှင့် သဘာဝဘေးအန္တရာယ် ကူညီပေးရေး (Humanitarian Assistance and Disaster Relief – HADR) နှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊

( ဌ ) ရေအောက်တိုင်းတာရေးပညာရပ်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈၈၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ဥမ္မာသန်း (တ/၃၆၄၈) အား မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး တာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈၉၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်ကျော်<br>တ/ ၃၅၈၀ | သာယာဝတီ<br>ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဆုမွန်အောင်<br>တ/ ၃၆၄၆ | ပေါင်းတည်<br>ပဲခူးတိုင်းဒေသကြီး |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအား ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ စနစ်တကျဝယ်ယူဆောင်ရွက်နိုင်ရန် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဒေါက်တာ ထွန်းထွန်းဦး<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခခ) | ဦးဇော်မင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးကောင်းဇော်သန့်<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ကော်မရှင်ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ဦးကျော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးသန်းဇော်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဒေါ်အေးမြတ်မွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဦးရဲထက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးလင်းဝေအောင်<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတကာရေးရာဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ညည) | ဦးအေးမင်းသောင်း<br>ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ဦးမျိုးသက်ပိုင်<br>ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ဦးထိန်လင်း<br>အမြဲတမ်းအတွင်းဝန်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အတွင်းရေးမှူး |
| ( ဍ ဍ ) | ဦးလွင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူ ထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ခ ) ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါ ခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ဂ ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာ ထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃဃ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့် ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင် တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

( င င ) ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေး မဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

( စ စ ) ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဆဆ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

( ဇ ဇ ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှု အစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ဈဈ) တင်ဒါသွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ညည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဋဋ) တင်ဒါအောင်မြင်သူများအား ကြော်ငြာခြင်း၊

(ဌဌ) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဍဍ) တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများဆောင်ရွက်ခြင်း။

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဦးရဲထက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်ခင်ဖြူပွင့်<br>ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဌာနခွဲ<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးဗိုလ်ဝင်း<br>ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်နန်းရတနာထွန်း<br>ညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒေါ်ရီရီသန့်<br>ဒုတိယညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ | အဖွဲ့ဝင် |
| (စစ) | ဒေါ်နန်းချောစိန်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးကျော်မင်းလှိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အဖွဲ့ခွဲ (၂)၊ ကော်မရှင်ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (ဇဇ) | ဦးစိုးမွန်သူ<br>ဦးစီးအရာရှိ<br>e–Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးလင်းဝေအောင်<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတကာရေးရာဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(၂) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃဃ) အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်ဖြစ်ခြင်း၊

(ငင) တင်ဒါရွေးချယ်မှုအား တင်ဒါကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး စာချုပ်ချုပ်ဆိုရေး ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(စစ) တင်ဒါတင်သွင်းလာသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိတို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(ဆဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်း အနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဈဈ) တင်သွင်းရန်အဆိုပြုသည့်ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ညည) တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့်စာချုပ်တွင် အောက်ပါအချက်များ ပါဝင်စေရမည်-

(၁) စာချုပ်ချုပ်ဆိုသည့် နှစ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များ၊

(၂) ပေးသွင်းရမည့်ပစ္စည်းနှင့် ဆောင်ရွက်ပေးမည့်ဝန်ဆောင်မှုအတွက် သတ်မှတ် ဖော်ပြချက်များ၊ အရေအတွက်နှင့် လုပ်ငန်းပမာဏ၊

(၃) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပေးသွင်းရမည့် နေရာနှင့် အချိန်၊

(၄) စာချုပ်တန်ဖိုးနှင့် ပေးဆောင်ရမည့်အခွန်၊

(၅) ပေးချေမည့်ငွေအမျိုးအစား (ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ)၊

(၆) ငွေပေးချေမည့်ကာလနှင့် အစီအစဉ်၊

(၇) စာချုပ်ပါ အခြားအချက်/အခြေအနေများ၊

(၈) ဝန်ဆောင်မှုနှင့် အာမခံကာလ၊

(၉) လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးမည့်အစီအစဉ်၊

(၁၀) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့်အစီအစဉ်။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (ကက) | ဒေါ်အေးမြတ်မွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်ဇာဇာမိုး<br>ညွှန်ကြားရေးမှူး<br>အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူး<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၁)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဃဃ) | ဒေါ်စုစု<br>ညွှန်ကြားရေးမှူး<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၅)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ငင ) | ဒေါ်ညိုညိုမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( စစ ) | ဒေါ်နှင်းနှင်းသောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးလင်းလင်းထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇဇ ) | ဦးစိုးမွန်သူ<br>ဦးစီးအရာရှိ<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈဈ ) | ဦးအေးမင်းသောင်း<br>ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီသည် ဝယ်ယူမည့်ပစ္စည်းများ၏ အနိမ့်ဆုံးဈေးနှုန်းကို လေ့လာစုံစမ်း၍ တင်ဒါကော်မတီသို့ တင်ပြရမည်၊

( ခခ ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသောနမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း အရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

( ဂဂ ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃဃ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် စပ်လျဉ်းပြီး ကြမ်းခင်းဈေးအပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

( ငင ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဦးကျော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ဒေါ်ခင်မိုးဦး<br>ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဂဂ) | ဒေါ်စိုးစိုးမော်<br>ညွှန်ကြားရေးမှူး<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၄)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးရဲနောင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>အထွေထွေစီမံခန့်ခွဲရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ဒေါ်နန်းမြကြာခြည်<br>ဒုတိယညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးဌာနခွဲ<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးကျော်သူ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဦးမျိုးသက်ပိုင်<br>ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါကပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခခ) ပစ္စည်းဝယ်ယူခြင်းစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ပေးပို့လာသည့် ပစ္စည်းများကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးရမည်ဖြစ်ခြင်း၊

(ငင) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စစ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(ဆဆ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၂။ တင်ဒါကော်မတီများအနေဖြင့် သတ်မှတ်ထားရှိသောလုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ကြပြီး ဝယ်ယူသည့်ပစ္စည်းအရေအတွက်နှင့် သတ်မှတ်စံချိန်စံညွှန်းများ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တင်ဒါကော်မတီထံ တင်ပြကြရန်ဖြစ်ပါသည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၂၅ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

လွင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် ပုဒ်မ ၉ ပုဒ်မခွဲ (က) တို့အရ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ** အဆင့်ဆင့်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(၁) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီ**

(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) အုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန — အဖွဲ့ဝင်

(င) အခွန်ဦးစီးဌာနမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး — အဖွဲ့ဝင်

(ဆ) တာဝန်ခံအရာရှိ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဦးစီးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဦးစီးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
သစ်တောဦးစီးဌာန — အဖွဲ့ဝင်

( ဋ ) ဒုတိယအထွေထွေမန်နေဂျာ | အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

( ဌ ) တပ်ဖွဲ့ခွဲမှူး သို့မဟုတ် ကြီးကြပ်သူအရာရှိ | အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

( ဍ ) ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့

(၂) **ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ**

(က) နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင် (၁) | ဥက္ကဋ္ဌ
ပြည်ထောင်စုနယ်မြေ

( ခ ) အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
နေပြည်တော်

( ဂ ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်

(ဃ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

( င ) အခွန်ဦးစီးဌာနမှူး | အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
နေပြည်တော်

( စ ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဆ) တာဝန်ခံအရာရှိ | အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
နေပြည်တော်

( ဇ ) ဦးစီးမှူး | အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
နေပြည်တော်

( ဈ ) ဦးစီးမှူး | အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
နေပြည်တော်

(ည) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
သစ်တောဦးစီးဌာန
နေပြည်တော်

( ဋ ) ဒုတိယအထွေထွေမန်နေဂျာ | အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

( ဌ ) တပ်ဖွဲ့ခွဲမှူး | အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
နေပြည်တော်

(ဍ) ရဲတပ်ဖွဲ့မှူး အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၃) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ**

(က) အဖွဲ့ဝင် (၁) ဥက္ကဋ္ဌ
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
ဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဂ) ခရိုင်တာဝန်ခံအရာရှိ အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဃ) မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်အခွန်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(င) ခရိုင်ဥပဒေအရာရှိ အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(စ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ဆ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(ဇ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(ဈ) တာဝန်ခံအရာရှိ အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ည) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ဥက္ကဋ္ဌ (ကိုယ်စား)
ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အတွင်းရေးမှူး
သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

### မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ချမှတ်သော မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( န ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူငယ်ရေးရာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

( ပ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဖ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဗ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

(ဘ) ရဲမှူးချုပ် — အဖွဲ့ဝင်
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

( မ ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ယ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

( ရ ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း

(လ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

( ဝ ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်

(သ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဟ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလုပ်ငန်းစဉ်၊ မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်ပါက လုပ်ငန်းကော်မတီ အဖွဲ့ဝင်များထံမှလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီများထံမှလည်းကောင်း အကြံပြုချက်များ၊ သဘောထားများကို ရယူပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(စ) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီအဆင့်ဆင့်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း–NSPAW လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီဝင်များမှ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ချက်များအပါအဝင် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများရှိပါက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း။

၃။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဒေါက်တာ စိုးဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

**(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း**

၁။ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် **(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၅ ၏ အပိုဒ် (၂) ပါ ဖော်ပြချက်အရ အောက်ဖော်ပြပါ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **လုံခြုံရေးဆပ်ကော်မတီ**

(၁) ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး — ဥက္ကဋ္ဌ
ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၂) အဖွဲ့ဝင်
အတွင်းရေးမှူး
နေပြည်တော်ကောင်စီ

(၃) ရဲမှူးချုပ် လူလူသန်း အဖွဲ့ဝင်
တပ်ဖွဲ့မှူး
မှူခင်းရဲတပ်ဖွဲ့

(၄) ရဲမှူးချုပ် လှိုင်မင်း အဖွဲ့ဝင်
တပ်ဖွဲ့မှူး
သတင်းရဲတပ်ဖွဲ့

(၅) ရဲမှူးချုပ် ဇော်ထွန်းအောင် အဖွဲ့ဝင်
တပ်ဖွဲ့မှူး
ရထားရဲတပ်ဖွဲ့

(၆) ရဲမှူးကြီး ဇော်မင်းဦး အဖွဲ့ဝင်
တပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၇) ရဲမှူးကြီး ကျော်ကျော်မင်း အဖွဲ့ဝင်
တပ်ဖွဲ့မှူး
ယာဉ်ထိန်းရဲတပ်ဖွဲ့

(၈) ရဲမှူးကြီး မင်းအောင် အဖွဲ့ဝင်
တပ်ဖွဲ့မှူး
အမြန်လမ်းမကြီးရဲတပ်ဖွဲ့

(၉) အဖွဲ့ဝင်
ယာယီစစ်ဗျူဟာမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၀) ဦးမြတ်သီဟ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မီးသတ်ဦးစီးဌာန

(၁၁) ဦးကျော်မင်းထွန်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အနုပညာဦးစီးဌာန

(၁၂) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ

(၁၃) ရဲဗိုလ်ချုပ် တင်ကိုကို အတွင်းရေးမှူး
ဒုတိယရဲချုပ် (၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၁၄) ရဲမှူးချုပ် ကြည်လင်း တွဲဖက်အတွင်းရေးမှူး
ကွပ်ကဲရေးမှူး
အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး

( ခ ) လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခမ်းအနားများကျင်းပပြုလုပ်မည့်နေရာနှင့် တည်းခိုမည့်နေရာများ လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ နယ်မြေလုံခြုံရေး၊ အရေးပေါ်လုံခြုံရေး၊ မီးဘေးလုံခြုံရေးတို့ကို အပြည့်အဝရရှိစေရေး ဆောင်ရွက်ရန်၊

(၂) လုံခြုံရေးညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(၃) ဆပ်ကော်မတီအသီးသီး၏ လုံခြုံရေးလိုအပ်ချက်ကို ညှိနှိုင်းတာဝန်ယူဆောင်ရွက်ရန်၊

(၄) အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်းများနှင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်မည့် ပုဂ္ဂိုလ်များ၏ ယာဉ်တန်းများအတွက် ရှေ့ပြေးမီးတန်းယာဉ်များ၊ ရှေ့ပြေးဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ရန်၊

(၅) အခမ်းအနားသို့တက်ရောက်မည့် အရေးကြီးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ၊ မီဒီယာအဖွဲ့များအတွက် လည်ဆွဲကတ်ပြားများ၊ ယာဉ်ဝင်/ထွက်ခွင့်ကတ်များကို ညှိနှိုင်းလမ်းညွှန်မှုနှင့်အညီ ဒီဇိုင်းအရောင် ခွဲခြားပြုလုပ်ပေးရန်နှင့် ဖိတ်ကြားရေးကော်မတီသို့ အချိန်မီထုတ်ပေးရန်၊

(၆) အခမ်းအနားကျင်းပပြုလုပ်မည့်နေရာများတွင် မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေး အထောက်အကူပြုပစ္စည်းများဖြင့် လုံခြုံမှုအပြည့်အဝရရှိစေရေး ဆောင်ရွက်ရန်၊

(၇) လုံခြုံရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

**( ဂ ) ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ**

(၁) ဦးညွန့်ဝင်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၂) ဒေါ်ငွေငွေဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၃) ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်း — အဖွဲ့ဝင်
တပ်မှူး
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

(၄) ဒေါ်စန်းစန်းအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၅) ဒေါ်စောစန္ဒာအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ထုတ်လုပ်)
အနုပညာဦးစီးဌာန

(၆) ဦးရာလ်လျန်းထန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဇာတ်ရုံ)
အနုပညာဦးစီးဌာန

(၇) ဒေါက်တာ အေးအေးသင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားပြတိုက် (နေပြည်တော်)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(၈) ဒေါက်တာ ဝိုင်းဝိုင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၉) ဒေါ်ဆွေဆွေမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစာကြည့်တိုက် (နေပြည်တော်)
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၁၀) ဦးတင်ထွန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အင်ဂျင်နီယာဌာန (ခန်းမကြီးများ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၁) ဦးကျော်မင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၁၂) ဒေါ်ရင်ရင်ခိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (လေ့/သု)
အနုပညာဦးစီးဌာန

(၁၃) ဦးသက်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ဇာတ်/ရုံ)
အနုပညာဦးစီးဌာန

(၁၄) ဦးမြတ်သူ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၁၅) ဒေါက်တာ လှဲ့လှဲ့အောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (လေ့/သု)
အနုပညာဦးစီးဌာန

(ဃ) ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) **ပြိုင်ပွဲကျင်းပရေး**

(ကက) အမှတ်ပေးစနစ်များ၊ ပြိုင်ပွဲဝင်သီချင်းများနှင့် စည်းကမ်းချက်များအား ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် သတ်မှတ်ရေးဆွဲအတည်ပြုချက်ရယူရန်၊

(ခခ) ဦးစီးဇယားပုံစံများ ကြိုတင်ပြုစုထားရှိရန်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂဂ) ဘာသာရပ်အလိုက် အကဲဖြတ်ပညာရှင်များ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် လုပ်ငန်းအဖွဲ့အလိုက် ဖွဲ့စည်းဆောင်ရွက်မည့် အဖွဲ့ဝင်အမည်စာရင်းများကို သက်ဆိုင်ရာ ဘာသာရပ်ခေါင်းဆောင်များ (ပညာရှင်များ) ၏ အကြံပြုချက်ရယူ၍ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဃဃ) အမှတ်ပေးနည်း၊ အကဲဖြတ်နည်းများ စနစ်တကျရှိစေရန်နှင့် သက်ဆိုင်ရာ ဘာသာရပ်တွင် အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများသာ ပါဝင်အကဲဖြတ်နိုင်ရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(ငင) ဘာသာရပ်အသီးသီး၏ အမှတ်ပေးထားသည့် စာရွက်စာတမ်းများ၊ စာရင်းဇယားများအား လက်မှတ်ရေးထိုးလျက် စနစ်တကျဖိုင်တွဲ၍ မှတ်တမ်းတင်ထားရှိရန်၊

(စစ) ယှဉ်ပြိုင်သူများအငြင်းမပွားစေရန် ရုပ်မြင်ကင်မရာများ၊ အသံသွင်းတိတ်ခွေများနှင့် မှတ်တမ်းတင်ရိုက်ကူးရေးကို ပြန်ကြားရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆဆ) မျက်နှာသာပေးခြင်း၊ လူပုဂ္ဂိုလ်ရင်းနှီးမှုအခြေခံခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစွဲအလမ်းထားရှိ၍ အမှတ်ပေးခြင်းများမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဇဇ) ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့်ဘာသာရပ်များအား ဒိုင်အဖွဲ့ဝင်တစ်ဦးချင်းမှ ကြိုတင်လေ့လာထားရေး စီမံဆောင်ရွက်ရန်၊

(ဈဈ) ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ ပြိုင်ပွဲဝင်အင်အားစာရင်း တိကျစွာ ရယူကာ ပြိုင်ပွဲအစီအစဉ်ဇယား ကြိုတင်ရေးဆွဲတင်ပြရန်၊

(ညည) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းဖြစ်၍ နိုင်ငံတော်မူနှင့် မဟာဂီတသီချင်းစာသားများ၊ ခေတ်ဟောင်းမူရင်းသီချင်းစာသားများ၊ ခေတ်ဟောင်း မူရင်းတေးသွားသံစဉ်များအလိုက် ယှဉ်ပြိုင်ရေးသတ်မှတ်ရန်၊

(ဋဋ) ပြိုင်ပွဲကျင်းပရေးအတွက် အသုံးစရိတ်များကို ခန့်မှန်းရေးဆွဲ၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြတောင်းခံသွားရန်။

(၂) **အခမ်းအနားပြင်ဆင်ရေး**

(ကက) ဖွင့်ပွဲ/ဆုချီးမြှင့်ပွဲ/ဂုဏ်ပြုညစာစားပွဲကျင်းပမည့် ဟိုတယ်ခန်းမအား ပြင်ဆင်ရန်၊

(ခခ) ဘာသာရပ်အလိုက် ပြိုင်ပွဲကျင်းပမည့်ခန်းမဆောင်များ ပြင်ဆင်ရန်၊

(ဂဂ) ဖွင့်ပွဲအခမ်းအနား အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအတွက် အတွင်း၊ အပြင်ဆိုင်းဘုတ်များရေးဆွဲခြင်း၊ နဖူးစည်းစာတန်းများပြုလုပ်ခြင်း၊ တပ်ဆင်ခြင်း ဆောင်ရွက်ရန်၊

(ဃဃ) အရေးကြီးပုဂ္ဂိုလ်များအတွက် ဆက်တီထိုင်ခုံနှင့် စားပွဲများ ခင်းကျင်းနေရာချရန်၊

(ငင) အကဲဖြတ်ဒိုင်များအတွက် ထိုင်ခုံနှင့် စားပွဲများ ခင်းကျင်းနေရာချရန်၊

(စစ) ပြိုင်ပွဲအခမ်းအနားများတွင် အပြင်ဆိုင်းဘုတ်များ၊ အတွင်းဆိုင်းဘုတ်များ တပ်ဆင်ရန်၊

(ဆဆ) စကားပြောစင်မြင့်၊ အခမ်းအနားမှူးစားပွဲ၊ မိုက်ခရိုဖုန်းများနှင့် စပီကာများ၊ အချက်ပေးမောင်းများ ပြင်ဆင်ပေးရန်၊

(ဇဇ) ပြိုင်ပွဲနေရာအလိုက် ဆက်တင်ပစ္စည်းများ ပြုလုပ်ခြင်းနှင့် ပြည်ဖုံးကား၊ တိုင်ဖုံး၊ နဖူးစည်းများ၊ နောက်ခံလိုက်ကာများ၊ ဒူးပိတ်များ တပ်ဆင်ခြင်းပြုလုပ်ရန်၊

(ဈဈ) ပြိုင်ပွဲခန်းမများတွင် ဆလိုက်မီးနှင့် အသံပစ္စည်းများ တပ်ဆင်ခြင်း၊ ဆလိုက်မီးထိုးရန်စင်မြင့်များပြုလုပ်ရန်၊

(ညည) ပြိုင်ပွဲခန်းမများတွင်လိုအပ်သော ဆိုင်းဝိုင်းများ၊ ခြောက်လုံးပတ်များ၊ စန္ဒရားများ၊ စောင်း၊ မယ်ဒလင်၊ ပတ္တလား စသည်ဖြင့် တူရိယာပစ္စည်းများ ပြုပြင်ခြင်းနှင့် နေရာချထားရန်၊

(ဋဋ) ပြိုင်ပွဲခန်းမများရှေ့တွင် နိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်အလံများ စိုက်ထူရန်၊

(ဌဌ) လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ရန်၊

(ဍဍ) အကဲဖြတ်ဒိုင်များ၊ဧည့်သည်တော်များ၊ပြိုင်ပွဲဝင်များ၊ပရိသတ်များကြည့်ရှုနိုင်ရန်အတွက် နေရာထိုင်ခင်းများ ဆောင်ရွက်ရန်၊

(ဎဎ) လျှပ်စစ်၊ အသံပစ္စည်းနှင့် တူရိယာပစ္စည်းများ၊ ရန်ကုန်၊ မန္တလေးဌာနခွဲများနှင့် တက္ကသိုလ်တို့မှ သယ်ယူရန်၊

(ဏဏ) တိုင်းဒေသကြီး/ပြည်နယ် ဆိုင်းဘုတ်ငယ်များ (ပေရွက်ပုံ) ပြုပြင်ရန်၊

(တတ) ဆိုင်းဝိုင်းပတ်လုံး အပိုများ စုဆောင်းရန်၊

(ထထ) ပြိုင်ပွဲကာလတစ်လျှောက်လုံးတွင် ပြိုင်ပွဲခန်းမများကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပွဲကြည့်ခုံများ ပြန်လည်နေရာချထားခြင်း၊ သန့်ရှင်းရေးသုံးပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ ဆောင်ရွက်ရန်၊

(ဒဒ) ပြိုင်ပွဲခန်းမများတွင် ခင်းကျင်းရန်လိုအပ်သည့် ပရိဘောဂ (ဆက်တီစားပွဲ၊ ကုလားထိုင်၊ ပလတ်စတစ်ကုလားထိုင်) များ ငှားရမ်းရန်။

(၃) **အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာစာသားစိစစ်ရေး**

(ကက) ဘာသာရပ်အလိုက် အကဲဖြတ်အဖွဲ့ခေါင်းဆောင်များ ဦးဆောင်၍ သက်ဆိုင်ရာဒိုင်အဖွဲ့ဝင်များနှင့် အကဲဖြတ်အမှတ်ပေးရာတွင် စနစ်ကျစေရေး၊ တိကျမှန်ကန်စေရေးတို့ကို ပြိုင်ပွဲမတိုင်မီ ကြိုတင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားရန်၊

( ခ ခ ) ပြိုင်ပွဲကျင်းပနေစဉ်တွင် အမှန်တကယ် အရည်အသွေးရှိသူများအား မှန်ကန်စွာ အကဲဖြတ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဝင်များမှ ကြပ်မတ်ပြီးစစ်ဆေးဆောင်ရွက်ရန်၊

( ဂ ဂ ) ဘာသာရပ်အလိုက် ပြိုင်ပွဲများပြီးဆုံးသည့်အခါတွင်လည်း အကဲဖြတ်ခေါင်းဆောင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ အဖွဲ့များပေါင်းစပ်ပြီး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃဃ) မူဝါဒဆိုင်ရာ စာသားစိစစ်ရာတွင် ပြိုင်ပွဲ၌ပါဝင်သော အောက်ဖော်ပြပါပြိုင်ပွဲကဏ္ဍများမှ ဇာတ်ညွှန်းများ၊ သီချင်းများ၊ စာသားများ၊ အပြောစကားများကို တောင်းခံပြီး ဘာသာရပ်အလိုက်၊ ပြိုင်ပွဲကဏ္ဍအလိုက် အဖွဲ့ငယ်များဖွဲ့စည်းကာ စစ်ဆေးဆောင်ရွက်သွားရန်-

- ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ
- အိုးစည်အဖွဲ့လိုက်ပြိုင်ပွဲ
- ဒိုးပတ်အဖွဲ့လိုက်ပြိုင်ပွဲ

( င င ) စစ်ဆေးသည့်အခါ အောက်ပါအချက်များကို အဓိကလျာထားလျက်စစ်ဆေးရန်-

- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ စကားပြောများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ စကားပြောများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ အပြောစကားများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊
- အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ အပြောစကားများ၊ အသုံးအနှုန်းများ မပါဝင်စေရန်။

( င ) **ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာ သန်းဇော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်စွာသွင်<br>ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးစန္ဒာအောင်<br>ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ နေအောင်<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်မေသစ်<br>ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆန်းမင်းအောင်<br>ညွှန်ကြားရေးမှူး (စီမံကိန်း၊ စာရင်းအင်းနှင့် ကွန်ပျူတာ)<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ဥမ္မာသန်း<br>ညွှန်ကြားရေးမှူး (ပညာ)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |

(၈) ဦးလွင်မြင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး

(၉) ဦးနေဝင်း — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး

(၁၀) ဒေါက်တာ ပြည့်စုံသိမ်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

(၁၁) ဒေါက်တာ ကျော်လွင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နေပြည်တော်ပညာရေးမှူးရုံး

( စ ) ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ပြိုင်ပွဲများကျင်းပခြင်းမပြုမီ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ယင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲအဆင့်၊ ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲဘာသာရပ်တစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များ၊ ယခင်ပြိုင်ပွဲမှတ်တမ်းများနှင့် အခြားအထောက်အထားများကို အခြေခံ၍ စိစစ်အတည်ပြုပေးရန်၊

(၂) ပြိုင်ပွဲကျင်းပနေစဉ် ပြိုင်ပွဲဝင်များနှင့်ပတ်သက်၍ မကျေနပ်သောကန့်ကွက်ချက် တစ်စုံတစ်ရာ တင်ပြလာပါက ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေး ကြီးကြပ်ရေးဆပ်ကော်မတီ၊ ပညာရှင်များနှင့် ညှိနှိုင်း၍ ဖြေရှင်းပေးရန်၊

(၃) တိုင်းဒေသကြီး/ပြည်နယ်များမှ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဝါသနာရှင် (ပထမတန်း)၊ (ဒုတိယတန်း) စသည့် ပြိုင်ပွဲအဆင့် အဆို၊ အက၊ အရေး၊ အတီး စသည့် ဘာသာရပ်တို့အလိုက် ပြိုင်ပွဲဝင်မည့် ဦးရေကို စိစစ်မှတ်တမ်းတင်ပြရန်၊

(၄) ပြိုင်ပွဲအဆင့်၊ ပြိုင်ပွဲအမျိုးအစားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲဝင်ကြမည့်ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကို ကိုယ်စားပြု ပြိုင်ပွဲဝင်ခွင့်ရှိသူများ ဟုတ် မဟုတ် စိစစ်ရန်၊

(၅) ပြိုင်ပွဲဝင်များသည် မိမိတို့အရည်အချင်းနှင့်သင့်လျော်သည့် ပြိုင်ပွဲအဆင့်များတွင်သာ ပါဝင်ယှဉ်ပြိုင်ကြစေရန်အတွက် ပြိုင်ပွဲစည်းကမ်းနှင့် အရည်အချင်းသတ်မှတ်ချက်များ ထုတ်ပြန်ရန်၊

(၆) အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင်ကြသူများသည် ပညာသင်ဆဲ ကျောင်းသား/ ကျောင်းသူများ မှန် မမှန် စိစစ်ရန်၊

(၇) အခြေခံပညာအဆင့် ပြိုင်ပွဲဝင်ကြမည့် ကျောင်းသား/ကျောင်းသူများသည် အသက်အုပ်စုများ မှန် မမှန် စိစစ်ရန်၊

(၈) ပြိုင်ပွဲဝင်များသည် ယခင်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရခဲ့ဖူးခြင်း ရှိ မရှိ စိစစ်ရန်။

(ဆ) **ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ**

(၁) ဦးဝင်းခန့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးညွှန့်ဝင်း — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၃) — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၄) | ဦးအောင်ခိုင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ ကျော်ဦးလွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကိုကိုနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါ်ငုသီတာ<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ရဲမှူးကြီး ခွန်မျိုးမြရှိန်<br>ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး<br>နေပြည်တော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၉) | ရဲမှူးကြီး ကျော်ကျော်မင်း<br>ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်စန်းစန်းအေး<br>ညွှန်ကြားရေးမှူး (စီမံ)<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးတိုးတိုး<br>ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဇင်သန်း<br>ညွှန်ကြားရေးမှူး<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးသက်စိုး<br>ဒုတိယအထွေထွေမန်နေဂျာ (ခရီးသည်)<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်ဖြိုးမြတ်<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၅) | ဦးကျော်ဦး<br>ဌာနခွဲမန်နေဂျာ<br>မြန်မာအမျိုးသားလေကြောင်း | အဖွဲ့ဝင် |
| (၁၆) | ဦးမျိုးမင်းထက်<br>ဥက္ကဋ္ဌ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး<br>ကော်မတီ (မြို့တွင်း)၊ နေပြည်တော် | အတွင်းရေးမှူး |
| (၁၇) | ဦးသင့်မြတ်သူ<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၈) | ဦးထွန်းနိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဇ) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ရုံးလုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(၂) ပြိုင်ပွဲအကြိုကာလတွင် ဆပ်ကော်မတီရုံးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန (နေပြည်တော်)၊ ရုံးအမှတ် (၅) တွင် ဖွင့်လှစ်ထားရှိရန်၊

(၃) ပြိုင်ပွဲမကျင်းပမီ ရက်သတ္တပတ်ကြိုတင်၍ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီရုံးကို ပြိုင်ပွဲဝင်များတည်းခိုမည့်နေရာတွင် ဖွင့်လှစ်ထားရှိရန်၊

(၄) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ငွေစာရင်းရှင်းတမ်းနှင့် ဆပ်ကော်မတီ၏ အစီရင်ခံစာမူကြမ်း ပြုစုတင်ပြရန်၊

(၅) ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများအဆင်ပြေစေရေးနှင့် ရုံးလုပ်ငန်းများ ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် ရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်၊

(၆) ဖိတ်ကြားမည့်ဧည့်သည်တော်များ၏ အမည်စာရင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူပြုစု၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၇) ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ဖိတ်ကြားလွှာ၊ ဒီဇိုင်းပုံစံများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၈) ဖိတ်ကြားလွှာနှင့် ပန်ကြားလွှာများကို သတ်မှတ်အရေအတွက်အတိုင်း ကြိုတင်အပ်နှံရန်၊

(၉) ဖိတ်ကြားလွှာများကို ဧည့်သည်များထံသို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ရန်၊

(၁၀) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအတွက် နေရာချထားမှုပုံစံ ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီနှင့်ညှိနှိုင်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၁၁) ဖိတ်ကြားမည့် ဧည့်သည်တော်များ အမည်စာရင်းအား တင်ပြကာ ရင်ထိုးတံဆိပ်နှင့် ယာဉ်ဝင်ခွင့်များကို လုံခြုံရေးဆပ်ကော်မတီမှ ထုတ်ယူရန်၊

(၁၂) အခမ်းအနားသို့ တက်ရောက်လာမည့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ကြိုဆို၍ သတ်မှတ်နေရာများတွင် နေရာချထားပေးရန်၊

(၁၃) တိုင်းဒေသကြီး/ ပြည်နယ်များမှ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာမည့် ပြိုင်ပွဲဝင် များအား ကြိုဆိုနိုင်ရေးနှင့် အခြားဆပ်ကော်မတီအသီးသီးမှ တောင်းခံလာမည့် သယ်ယူ ပို့ဆောင်ရေးလိုအပ်ချက်အတွက် ယာဉ်များကြိုတင်လျာထား၍ ယာဉ်များရရှိရေးနှင့် စက်သုံးဆီများ ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၄) နေ့စဉ်ပြိုင်ပွဲကျင်းပရာနေရာများသို့ အသွား/အပြန်၊ ကြို/ပို့ နိုင်ရေးနှင့် မြို့တွင်းလေ့လာရေး ခရီးစဉ်များ ပို့ဆောင်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(၁၅) အကဲဖြတ်ဒိုင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ ကြိုဆိုပို့ဆောင်နိုင်ရေးအတွက် ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်၊

(၁၆) ကော်မတီ/ ဆပ်ကော်မတီများမှ လိုအပ်သောယာဉ်များ တောင်းခံလာမှုအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတို့၏ သုံးစွဲခွင့်ပြုချက်အတိုင်းစီစဉ်ပေးရန်၊

(၁၇) ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုပွဲအခမ်းအနားများသို့ ပြိုင်ပွဲဝင်များတက်ရောက်နိုင်ရေးအတွက် ပို့ဆောင်ပေးရန်၊

(၁၈) ပြိုင်ပွဲဝင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ အချိန်မီပို့ဆောင်ပေးရန်၊

(၁၉) အကဲဖြတ်ဒိုင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ အချိန်မီရောက်ရှိရေးအတွက် ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊

(၂၀) ပြိုင်ပွဲဝင်များ မြို့တွင်းသွားလာရေးလွယ်ကူစေရန် မော်တော်ယာဉ်လိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂၁) အကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်များ အပြန်ခရီးအတွက် လေဆိပ်၊ ဘူတာ၊ မော်တော်ယာဉ်ဂိတ်များသို့ ပို့ဆောင်ပေးခြင်းကို ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂၂) ပြိုင်ပွဲပြီးဆုံးပါက ပြိုင်ပွဲဝင်များနေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် မော်တော်ယာဉ်လက်မှတ်များ ကြိုတင်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊

(၂၃) ပြိုင်ပွဲဝင်များ အပြန်ခရီးအဆင်ပြေချောမွေ့စေရန် မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထား၊ မော်တော်ယာဉ်လိုင်းတို့မှ လက်မှတ်ရောင်းအဖွဲ့များအား ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်စေလျက် ကြိုတင်လက်မှတ်များ ဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(၂၄) လိုအပ်သော စက်သုံးဆီပမာဏအား ဆောင်ရွက်မည့်လုပ်ငန်းတာဝန်များနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြတောင်းခံရန်၊

(၂၅) စက်သုံးဆီလိုအပ်ချက်များအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီခွင့်ပြုချက်အရ စနစ်တကျ ထုတ်ယူသုံးစွဲရန်။

**( ဈ ) ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးလှိုင်ဦး<br>အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်ကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးမျိုးဝင်းညွန့်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးမြတ်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအောင်အေးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးတင်ထွန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင် (အင်ယာ/ ဦး) | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင် (ပတ်/ ထိန်း) | အဖွဲ့ဝင် |

(၁၀) ဒု-တိုင်းရဲတပ်ဖွဲ့မှူး　　အဖွဲ့ဝင်
ဒုတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၁၁) ဒေါ်ဆွေဆွေမြင့်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစာကြည့်တိုက် (နေပြည်တော်)

(၁၂) ဒေါက်တာ အေးအေးသင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားပြတိုက် (နေပြည်တော်)

(၁၃) ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်း　　အဖွဲ့ဝင်
တပ်မှူး
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)

(၁၄)　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (FDA)

(၁၅) ဦးခင်မောင်စိုး　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဝန်ကြီးရုံး)
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၆) ဒေါ်ကြည်ကြည်လှ　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဝန်ကြီးရုံး)
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၇) ဦးမြင့်ထွေး　　အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၁၈) ဦးညီညီလွင်　　တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ည) ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြိုင်ပွဲဝင်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်သူများနှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြသော ကော်မတီဝင်များ၏ ဧည့်ခံကျွေးမွေးရေးအတွက် ကျွေးမွေးမည့်အဖွဲ့အစည်းအလိုက် ဈေးနှုန်းသတ်မှတ်ရေးနှင့် ဟိုတယ်/စားသောက်ဆိုင် ရွေးချယ်အတည်ပြုချက်ရရှိရေးများကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်၊

(၂) တိုင်းဒေသကြီး/ပြည်နယ်များမှ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်များအား တည်းခိုရန်နေရာများသို့ ကြိုဆိုခြင်း၊ ဧည့်ခံခြင်းတို့ ဆောင်ရွက်ရန်၊

(၃) ရောက်ရှိမည့်ရက်၊ ထွက်ခွာမည့်ရက်၊ လူအင်အား စသည်တို့အား ကြိုတင်သိရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) လမ်းခရီးတွင် နာမကျန်းဖြစ်လာသော ပြိုင်ပွဲဝင်များအား ဆေးအကာအကွယ်ပေးနိုင်ရေးအတွက် ဆေးအဖွဲ့ (၁) ဖွဲ့စီကို စီစဉ်ထားရှိရေး ဆောင်ရွက်ရန်၊

(၅) စားရိပ်သာအတွက် လိုအပ်သော ပရိဘောဂနှင့် မီးဖိုချောင်သုံးပစ္စည်းများအား ကြိုတင်တောင်းခံ၍ အသင့်စီမံထားရှိရန်၊

(၆) ပြိုင်ပွဲဝင်များအား လေဆိပ်၊ ဘူတာရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းတို့မှ လိုက်လံပို့ဆောင်ပေးပြီး ကြိုဆိုခြင်း ဆောင်ရွက်ရန်၊

(၇) သောက်သုံးရေနှင့် နေ့စဉ်အစားအသောက်များ ချက်ပြုတ်ကျွေးမွေးရာတွင် သန့်ရှင်းမှုရှိစေရန် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်နိုင်ရေးတို့အတွက် ဆရာဝန်နှင့် နေ့စဉ်စစ်ဆေးသွားရန်၊

(၈) နေ့စဉ်ချက်ပြုတ်ကျွေးမွေးမည့် ဟင်းလျာ၊ အချိုပွဲနှင့် လက်ဖက်ရည်တို့ကို နေ့အလိုက်ကျွေးမွေးမှု ဇယားရေးဆွဲပြီး ဆောင်ရွက်သွားရန်၊

(၉) ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်ခံကျွေးမွေးရေးအတွက် ဧည့်ခံကျွေးမွေးမည့် ဟိုတယ်/ စားသောက်ဆိုင်နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၀) ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်များအား ဧည့်ခံကျွေးမွေးရာတွင် တည်းခိုဆောင်များအလိုက် ခွဲခြားထားသည့် စားရိပ်သာများတွင် စနစ်တကျကျွေးမွေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၁၁) ကျွေးမွေးဧည့်ခံရာတွင် ပြေပြစ်စွာဆက်ဆံတတ်သူ၊ ကျန်းမာရေးကောင်းမွန်သူ၊ ကူးစက်ရောဂါ ကင်းရှင်းသူများကို တာဝန်ပေးဆောင်ရွက်ရန်၊

(၁၂) ပြိုင်ပွဲကျင်းပရေးအစီအစဉ်အရ ကျွေးမွေးရေးအစီအစဉ်များကို ပြိုင်ပွဲကျင်းပရာနေရာများသို့ လိုအပ်ပါက လိုက်ပါကျွေးမွေးနိုင်ရေး စီစဉ်ထားရှိရန်၊

(၁၃) ဂုဏ်ပြုညစာစားပွဲအတွက် တည်ခင်းမည့်အစီအစဉ်များ စီစဉ်ဆောင်ရွက်၍ အတည်ပြုချက် ရယူရန်၊

(၁၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် ပညာရှင်ကြီးများအား ဧည့်ခံကျွေးမွေးရေးအတွက် သက်ဆိုင်ရာကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(၁၅) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတို့မှ ညွှန်ကြားသည့် ကိစ္စရပ်များနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ရန်။

( ၄ ) **ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ**

(၁) ဒေါ်မြမြဦး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၂) ဒေါက်တာ ကျော်ဦးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဦးသန့်စင်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဦးအောင်ဝင်းဌေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(၅) ဒေါ်တင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဦးမြတ်သူ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ဦးမင်းလွင်စိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရာဖြတ်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၈) ဗိုလ်မှူး ဗညားလွင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း)
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(၉) ဦးထင်အောင်ကျော် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

( ၄ ) ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး**

(ကက) ဆုချီးမြှင့်နိုင်ရေးအတွက် လိုအပ်သည့် ဆုတံဆိပ်များ၊ ဂုဏ်ထူးဆောင်မှတ်တမ်းလွှာများ၊ ဖဲကြိုးများ၊ ဓာတ်ပုံဘောင်များကို ကြိုတင်စုဆောင်းဆောင်ရွက်ထားရန်၊

( ခ ခ ) ဆပ်ကော်မတီအသီးသီးမှ တင်ပြတောင်းခံလာသော အသုံးစရိတ်များကိုစိစစ်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပေးရန်၊

( ဂ ဂ ) ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၏ အသုံးစရိတ်အား စာရင်းစစ် စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ပေးရန်။

(၂) **အခမ်းအနားများကျင်းပရေး**

(ကက) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ ဖိတ်ကြားခံရသူများ စာရင်းရယူ၍ နေရာများ ခွဲဝေသတ်မှတ်ပေးရန်၊

( ခ ခ ) အခမ်းအနားအစီအစဉ်များရေးဆွဲ၍ အတည်ပြုချက်ရယူရန်၊

( ဂ ဂ ) အခမ်းအနားမှူးများ၊ အစီအစဉ်ကြေညာသူများ တာဝန်ချထားရန်၊

(ဃဃ) အခမ်းအနားသို့ တက်ရောက်လာသူများအား နေရာချထားရေး စီစဉ်ဆောင်ရွက်ပေးရန်၊

( င င ) ဖွင့်ပွဲအခမ်းအနား A plan အတွက် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုမှ တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ဆင်ထားသော တိုင်းရင်းသား/တိုင်းရင်းသူ တစ်ဖက်လျှင် (၄၈) ဦးစီဖြင့် ပြည်နယ်များမှ အုပ်ချုပ်သူအပါအဝင် ပြိုင်ပွဲဝင် ကျား/မ (၁၇၅) ဦးစီဖြင့် ဝဲ/ယာ စုစုပေါင်း (၃၅၀) ဦး၊ ဖဲကြိုးကိုင် မြန်မာအမျိုးသမီးဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးငယ် (၆) ဦးနှင့် ဗန်းကိုင်အမျိုးသမီးငယ် (၃) ဦးတို့အား အစမ်းလေ့ကျင့်မှုများပြုလုပ်ရန်၊ ဖွင့်ပွဲအခမ်းအနား B plan အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား/တိုင်းရင်းသူရိုးရာဝတ်စုံဝတ်ဆင်ထားသော ကျား/မ တစ်ဖက်လျှင် (၂၄) ဦးဖြင့် စုစုပေါင်း (၄၈) ဦး၊ အလယ်တွင် ဖွင့်ပွဲသီချင်းသီဆိုသည့်အဖွဲ့နှင့် အကအဖွဲ့ဝင် (၁၆) ဦး၊ ဖဲကြိုးကိုင် မြန်မာအမျိုးသမီးဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးငယ် (၆) ဦးနှင့် ဗန်းကိုင်အမျိုးသမီးငယ် (၃) ဦးတို့အား အစမ်းလေ့ကျင့်မှုများပြုလုပ်ရန်၊

( စ စ ) အခမ်းအနားအထိမ်းအမှတ် ဖဲကြိုး၊ ကတ်ကြေးနှင့် လင်ပန်းများ စီစဉ်ပေးရန်၊

(ဆဆ) အခမ်းအနားများအတွက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန်၊

( ဇ ဇ ) ဂုဏ်ပြုတေးသီချင်းဖျော်ဖြေရေးအစီအစဉ်များ စီစဉ်ထားရန်၊

( ဈ ဈ ) ဖွင့်ပွဲအခမ်းအနားတွင်သီဆိုမည့် သီချင်းအတွက် သီချင်းရေး၊ သီချင်းတိုက် လေ့ကျင့်အသံသွင်းခြင်းများ ဆောင်ရွက်ရန်၊

(ညည) ကော်မတီ၏လမ်းညွှန်ချက်အတိုင်း ဆုပေးပွဲအခမ်းအနားပြင်ဆင်ရန်၊

( ဠ ဠ ) ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ဆုချီးမြှင့်မည့်အစီအစဉ်အတိုင်း စနစ်တကျဖြစ်စေရေး ဇာတ်တိုက်လေ့ကျင့်ရန်၊

( ဋ ဋ ) ဆုချီးမြှင့်ပွဲတွင် ပါဝင်ကူညီမည့် အမျိုးသမီး (၁၄) ဦး စီစဉ်ပေးရန်၊

( ၃ ၃ ) ဆုရရှိသူများအား ချီးမြှင့်မည့် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်များအား ချီးမြှင့်မည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ စီမံချက်ပါစာရင်းအတိုင်း အတည်ပြုချက်ရယူရေးသွင်း၍ ပြိုင်ပွဲကျင်းပရေးနာယက၏ လက်မှတ်ရေးထိုးနိုင်ရန် ဦးစီးကော်မတီမှတစ်ဆင့် ကြိုတင် တင်ပြဆောင်ရွက်ရန်၊

( ပ ပ ) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌမှ ချီးမြှင့်မည့် နှစ်သိမ့်ဆုလက်မှတ်များကို အချိန်မီလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန်၊

(ဏဏ) ဆပ်ကော်မတီ၏အခါအားလျော်စွာ ပေးအပ်လာသည့်အခြားတာဝန်များကိုဆောင်ရွက်ရန်။

( ၃ ) **ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ**

(၁) ဦးရဲနိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၂) ဦးမင်းကိုကို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၃) ဦးမြင့်ဝေ — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၄) ဦးကျော်ဇင်သန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) ဒေါ်ခင်မိုးဥ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အသံလွှင့်)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၆) ဦးကျော်ရွှေ — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၇) ဦးကျော်ဆင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပြန်ဆက်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၈) ဦးကျော်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၉) ဗိုလ်မှူးကြီး အောင်ကျော်ဦး — အဖွဲ့ဝင်
တပ်မှူး
အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်

(၁၀) ဦးအောင်မျိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အနုပညာဦးစီးဌာန

(၁၁) ဦးမျိုးမြင့်အောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၁၂) ဒေါ်မိုးသူဇာအောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ရုပ်မြင်)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဃ) ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပတ်သက်သော သတင်းများအား သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးရန်၊

(၂) (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များနှင့် ပြိုင်ပွဲ ပွဲစဉ်သတ်မှတ်ချက်များအား လှုံ့ဆော်ချက်အဖြစ် ပြိုင်ပွဲမကျင်းပမီ ရက်သတ္တပတ်နှစ်ပတ်ခန့်ကြိုတင်၍ သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အဆက်မပြတ် ထုတ်လွှင့်ပေးရန်၊

(၃) (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လှုံ့ဆော်ရေးဆောင်းပါးများအား သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အခါအားလျော်စွာ ဖော်ပြထုတ်လွှင့်ပေးရန်၊

(၄) အဆို၊ အက၊ အရေး၊ အတီး ဒိုင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခန်းအစီအစဉ်ကို ရက်သတ္တပတ်နှစ်ပတ်ခန့် ကြိုတင်၍ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် အသံသွင်းရိုက်ကူး ထုတ်လွှင့်ပေးရန်၊

(၅) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရန် စံပြုထားသောသီချင်းများကို နမူနာရယူရေးနှင့် အစီအစဉ်များအား ပြိုင်ပွဲဝင်များကြိုတင်လေ့လာနိုင်ရန် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် စီစဉ်ထုတ်လွှင့်ပေးရန်၊

(၆) ပိုစတာနှင့် နေ့စဉ်ထုတ်သတင်းလွှာမျက်နှာဖုံး နမူနာပုံစံများအား သက်ဆိုင်ရာလုပ်ငန်းအဖွဲ့မှ စုစည်း၍ နာယကပါဝင်သော ဦးစီးကော်မတီအစည်းအဝေးတွင်တင်ပြခြင်း၊ အချိန်မီရိုက်နှိပ်ခြင်း၊ စိုက်ထူခြင်းများဆောင်ရွက်ရန်၊

(၇) ပိုစတာများကို သက်ဆိုင်ရာလှုံ့ဆော်ပိုစတာများ စိုက်ထူရေးလုပ်ငန်းအဖွဲ့က သတ်မှတ်နေရာများတွင် အချိန်မီ စိုက်ထူပြီးစီးရေးဆောင်ရွက်ရန်၊

(၈) ဆပ်ကော်မတီအသီးသီး၏ လှုပ်ရှားမှုများ၊ ဆောင်ရွက်ချက်များအား သတင်းထုတ်ပြန်ရေးဆောင်ရွက်ရန်၊

(၉) ပြိုင်ပွဲကျင်းပပြုလုပ်သည့်သတင်းများအား နေ့စဉ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် ဦးစားပေးဖော်ပြထုတ်လွှင့်ပေးရန်၊

(၁၀) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမဆုရသူများကို ရုပ်မြင်သံကြားစတူဒီယိုတွင် မှတ်တမ်းတင်ရိုက်ကူးနိုင်ရေးဆောင်ရွက်ရန်၊

(၁၁) နေ့စဉ်ပြိုင်ပွဲ ယှဉ်ပြိုင်ပုံများအားစုစည်း၍ သီးခြားအစီအစဉ်အဖြစ် မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်များအပြီးတွင် ဆက်လက်ထုတ်လွှင့်ပေးရန်၊

(၁၂) ပြိုင်ပွဲကျင်းပပြုလုပ်အောင်မြင်မှု မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေနိုင်ရေးနှင့် သတ်မှတ်ချိန်အမီ ဖြန့်ချိနိုင်ရေးအတွက် မှတ်တမ်းစာအုပ်ထုတ်ဝေရေးလုပ်ငန်းအဖွဲ့က ဆက်လက်ဆောင်ရွက်ရန်၊

(၁၃) ပြိုင်ပွဲကာလအတွင်းဆောင်ရွက်ချက်များကို မြန်မာ့သတင်းစဉ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ မှတ်တမ်းတင်ရိုက်ကူးထားခြင်းနှင့် လိုအပ်ပါက ဓာတ်ပုံအယ်လ်ဘမ် ပြုစုပေးရန်၊

(၁၄) ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသူများအား တွေ့ဆုံ၍ ရင်တွင်းစကားများမှတ်တမ်းတင်ရန်၊

(၁၅) ယှဉ်ပြိုင်သူများ အငြင်းမပွားစေရန်၊ ယှဉ်ပြိုင်နေမှုများကို ရုပ်မြင်ကင်မရာများ၊ အသံသွင်း၍ မှတ်တမ်းတင်ရိုက်ကူးမှုကို ဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ ဝင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ နီနီအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဗိုလ်မှူးကြီး ထွန်းနိုင်မင်း<br>ဌာနမှူး (ကျန်းမာ/ဆေးခံ)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပါမောက္ခ ဒေါက်တာ သောင်းလှိုင်<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ ဆွေဇင်ဝင်း<br>နေပြည်တော်ကုသရေးဦးစီးဌာနမှူး<br>ပြည်ထောင်စုနယ်မြေ (နေပြည်တော်) | အဖွဲ့ဝင် |
| (၇) | ပါမောက္ခ ဒေါက်တာ စန်းစန္ဒာခင်<br>ပါမောက္ခ (ရောဂါဗေဒ)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) | အဖွဲ့ဝင် |
| (၈) | ဒေါက်တာ မင်းသုနောင်<br>ဌာနမှူး၊ ကျန်းမာရေးဌာန<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဒေါ်စန်းစန်းအေး<br>ညွှန်ကြားရေးမှူး (စီမံ)<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ဥမ္မာမြတ်<br>ညွှန်ကြားရေးမှူး (ကုသရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ သီတာလှ<br>ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | ဒေါက်တာ ကျော်ကျော်လွင်<br>ဗဟိုအဆင့်ဆေးရုံများ ကွပ်ကဲရေးမှူး (ကုသရေး)<br>ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(တ) ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြိုင်ပွဲများကျင်းပရာနေရာများတွင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကူးစက်ရောဂါအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ပြိုင်ပွဲဝင်များတည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများတွင် ဆရာဝန်၊ သူနာပြုနှင့် အထောက်အကူပြုအဖွဲ့ဝင်များပါဝင်သော အနောက်တိုင်းဆေးခန်း၊ တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ကုသပေးခြင်းနှင့် လူနာတင်ယာဉ်များထားရှိရေးဆောင်ရွက်ရန်၊

(၃) အသက်အရွယ်ကြီးရင့်သူအနုပညာရှင်များအတွက် ကျန်းမာရေးကြိုတင်စစ်ဆေးပေးရန်နှင့် လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးရန်၊

(၄) နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့တို့တွင် အတွင်းလူနာများတက်ရောက်ကုသနိုင်ရေးနှင့် အရေးပေါ်ကိစ္စရပ်များ အတွက် အသင့်ကြိုတင်ပြင်ဆင်ထားရှိရန်၊

(၅) အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်းဆောင်ရွက်ရန်၊ အစားအစာကိုင်တွယ်ချက်ပြုတ်မည့်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ပြုလုပ်ရန်နှင့် ဧည့်သည်တော်များအား ကျွေးမွေးမည့်အစားအသောက်နမူနာများရယူ၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန်၊

(၆) ပြိုင်ပွဲကျင်းပမည့်နေရာနှင့် ပြိုင်ပွဲဝင်များတည်းခိုမည့်နေရာများတွင် ရောင်းချမည့် အစားအစာများ ကျန်းမာရေးနှင့်ညီညွတ်စေရေး စစ်ဆေးဆောင်ရွက်ရန်၊

(၇) ပြိုင်ပွဲကျင်းပမည့်နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လိုအပ်ပါက ပိုးသတ်ဆေးများ ဆေးဖျန်းဆောင်ရွက်ရန်နှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန်၊

(၈) ကူးစက်တတ်သောရောဂါများမဖြစ်ပွားစေရန် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊ ဖြစ်ပွားပါက ကူးစက်မှုမပြန့်ပွားစေရေးအတွက် အချိန်မီကုသခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်ရန်၊

(၉) အခြားဆပ်ကော်မတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်။

(ထ) **လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်ခိုင်ခိုင်အောင်<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မြဇင်<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၃) | ဒေါ်ဝေမာသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ဒေါ်ဆွေဆွေမြင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၅) | ဒေါ်ကြည်ကြည်သော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |

(ဒ) လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဝင်ငွေရရှိသည့် ဆပ်ကော်မတီများ၏ ငွေစာရင်းရှင်းတမ်းများရှိ ပါဝင်ငွေများသည် ငွေလက်ခံဖြတ်ပိုင်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၂) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ ခွင့်ပြုသည့် ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်းများအပေါ် ဦးစီးကော်မတီ၏ အတည်ပြုမှုများ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားကျင်းပရေးဆပ်ကော်မတီမှ ထုတ်ပေးငွေနှင့် ဆပ်ကော်မတီများက လက်ခံရရှိမှု၊ အမှန်သုံးစွဲမှုတို့ကို ဆက်စပ်စစ်ဆေးရန်၊

(၃) ဆပ်ကော်မတီများ၏ ငွေထုတ်ယူမှုများတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ သို့မဟုတ် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက် ရှိ မရှိ စစ်ဆေးရန်၊

(၄) အသုံးစရိတ်ရှင်းတမ်းများနှင့် ပြေစာအထောက်အထားများကို ပြည့်စုံစွာဖြင့် အချိန်မီပေးပို့နိုင်မှု အခြေအနေအား စစ်ဆေးရန်၊

(၅) ဆပ်ကော်မတီများ၏ အသုံးစရိတ်ရှင်းတမ်းများပါ သုံးစွဲထားသော ငွေများအတွက် အသုံးစရိတ်ပြေစာ (မူရင်း) များ ပြည့်စုံစွာပါဝင်မှုနှင့် အသုံးစရိတ်အတွက် ခွင့်ပြုပိုင်ခွင့်ရှိသူက ခွင့်ပြုထားမှု အခြေအနေများကို စစ်ဆေးရန်နှင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၏ အပိုဒ် – ၁၃၁ နှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန်၊ (အသုံးစရိတ်ပြေစာပေါ်တွင် ဆပ်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၏ ခွင့်ပြုလက်မှတ် သို့မဟုတ် ယင်းတို့မှ တာဝန်အပ်နှင်းထားသူ၏ ခွင့်ပြုလက်မှတ်ပါရှိရန် လိုအပ်ပါသည်။)

(၆) အချို့ဆပ်ကော်မတီများသည် ဦးစီးကော်မတီ၏ ခွင့်ပြုငွေမှ သုံးစွဲမှုအပြင် သက်ဆိုင်ရာဌာန၏ ဘတ်ဂျက်မှ သုံးစွဲမှုများရှိပါက အသုံးစရိတ်ရှင်းတမ်းနှင့် အသုံးစရိတ်ပြေစာ အထောက်အထားများကို သီးခြားပြုစုထိန်းသိမ်းထားမှု ရှိ မရှိ စစ်ဆေးရန်၊

(၇) ထုတ်ယူသုံးစွဲငွေများသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတို့၏ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန်၊

(၈) ကျပ်သိန်း ၂၀ အောက် ဝယ်ယူဆောင်ရွက်ခြင်းနှင့် ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၂၀၀ အထိ ဝယ်ယူဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက် အမှတ် ၁/၂၀၂၂ နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၉) လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ ပြိုင်ပွဲကျင်းပသည့်နေရာနှင့် တည်းခိုသည့်နေရာများတွင် ထားရှိသည့် မီးစက်ကြီးများအား Load Test Test Run ဆောင်ရွက်ခြင်း၊ VIP ခရီးစဉ်အတွက် မောင်းနှင်ရခြင်းနှင့် System Break Down ဖြစ်ပေါ်သဖြင့် မောင်းနှင်ရခြင်းတို့နှင့်စပ်လျဉ်းသည့် စက်မောင်းနာရီကြာချိန်နှင့် အမှန်မောင်းနှင်မှုများကို သက်ဆိုင်ရာနေရာအလိုက် တာဝန်ခံများထံမှ အတည်ပြုချက်ရယူ ဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၁၀) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များအရ သတ်မှတ်ထားသည့် အခွန်အခများကို ပေးသွင်းထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၁၁) ထုတ်ယူထားသည့် ငွေများမှ ပိုလျှံငွေများ ပေါ်ပေါက်ပါက သက်ဆိုင်ရာငွေစာရင်းသို့ အချိန်မီ ပြန်လည်အပ်နှံပေးသွင်းထားမှု ရှိ မရှိ စစ်ဆေးရန်၊

(၁၂) မူလခန့်မှန်းခြေစာရင်းပါ သုံးစွဲရန်ခန့်မှန်းတင်ပြထားသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် အမှန်ကျခံသုံးစွဲမှုအခြေအနေကို စစ်ဆေးရန်၊

(၁၃) ဘဏ်သွင်းငွေ၊ ထုတ်ငွေများအတွက် သက်ဆိုင်ရာဘဏ်ရှိ ဘဏ်လယ်ဂျာများနှင့် တိုက်ဆိုင်စစ်ဆေးရန်၊

(၁၄) လက်ကျန်ပစ္စည်းများနှင့် ဆယ်တင်ပစ္စည်းများကို စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းမှုနှင့် ဆက်လက်အသုံးပြုနိုင်သည့် ပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံထားမှုအခြေအနေကို စစ်ဆေးရန်၊

(၁၅) ငွေစာရင်း၊ ပစ္စည်းစာရင်းနှင့် မှတ်တမ်းများတွင် တာဝန်ခံကြီးကြပ်သူမှ အတည်ပြုလက်မှတ် ပြည့်စုံစွာရေးထိုးထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(၁၆) ယခင် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနား အသုံးစရိတ်စာရင်းစစ်ဆေးခြင်း အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးရန်၊

(၁၇) ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များကို ရှင်းတမ်းများပြည့်စုံစွာလက်ခံရရှိပြီးနောက် သုံးလအတွင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီထံ အစီရင်ခံတင်ပြရန်။

( ၈ ) **တည်းခိုမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီ**

(၁) ဗိုလ်မှူးကြီး စိန်လင်း ဥက္ကဋ္ဌ
ဦးစီးဗိုလ်မှူးကြီး (စစ်ထောက်)
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၂) ဦးသန်းဇော်ဝင်း အဖွဲ့ဝင်
ဌာနမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၃) ဒုတိယဗိုလ်မှူးကြီး သန်းနိုင်ထွဋ် အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း)၊ (လုပ်ငန်း/ဖြည့်တင်း/ ထိန်းသိမ်း)
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၄) ဒုတိယဗိုလ်မှူးကြီး ဝင်းထက်မင်း အဖွဲ့ဝင်
တပ်နယ်မှူး (ပုဗ္ဗသီရိတပ်နယ်)
တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်

(၅) ဒုတိယဗိုလ်မှူးကြီး မော်သူရိန် အဖွဲ့ဝင်
တပ်ရင်းမှူး
အမှတ် (၂) စစ်လက်နက်ပစ္စည်းတပ်ရင်း

(၆) ဗိုလ်မှူး ကောင်းမြတ် အဖွဲ့ဝင်
ယာယီတပ်ရင်းမှူး
အမှတ် (၉၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း

(၇) ဗိုလ်မှူး အောင်မျိုးလင်း အဖွဲ့ဝင်
ယာယီတပ်မှူး
အမှတ် (၂) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း

(၈) ရဲမှူး ဇော်မင်းနိုင် အဖွဲ့ဝင်
ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး
ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့

(၉) ဒေါ်ပွင့်ဖြူမြင့် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး

(၁၀) ဒေါ်မြသီပန် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းနှင့် ရောင်းချဖြန့်ဖြူးရေးဌာန
စက်မှုဝန်ကြီးဌာန

(၁၁) ဒေါ်ဆွေဆွေဝင်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဥတ္တရသီရိခရိုင်

(၁၂) ဦးစိန်ကြည် အဖွဲ့ဝင်
မြို့နယ်အုပ်ချုပ်ရေးမှူး
ပုဗ္ဗသီရိမြို့နယ်

(၁၃) ဒေါ်မိမိသက် အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပုဗ္ဗသီရိမြို့နယ်

(၁၄) ဒေါက်တာ သိမ့်သိမ့်ထွေး — အဖွဲ့ဝင်
မြို့နယ်ကုသရေးဦးစီးဌာနမှူး
ပြည်သူ့ဆေးရုံ (ခုတင် - ၅၀)၊ ပုဗ္ဗသီရိမြို့နယ်

(၁၅) ဗိုလ်မှူး အောင်ကျော်ဟိန်း — အဖွဲ့ဝင်
တပ်မှူး
အမှတ် (၉၄၈) ထောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)

(၁၆) ဗိုလ်ကြီး ဝေယံမှူး — အဖွဲ့ဝင်
လက်ထောက်စစ်မြို့နယ်၊ အင်ဂျင်နီယာ
အမှတ် (၉၄၈) ထောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)

(၁၇) ဗိုလ်ကြီး ကိုဖွဲ့ — အဖွဲ့ဝင်
တည်းခိုရေးအရာရှိ
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

(၁၈) ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်း — အတွင်းရေးမှူး
တပ်မှူး
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

( န ) တည်းခိုမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) တည်းခိုရေးနေရာရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ကြီးကြပ်သူများနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ကျသူများအား စနစ်တကျနေရာချထားရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) တည်းခိုရေးနေရာအုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များထုတ်ပြန်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၃) တည်းခိုဆောင်များအလိုက် အဆောင်မှူးများ၊ ကြီးကြပ်ရေးမှူးများထားရှိ၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) မြို့တွင်းသို့ သွားရောက်လည်ပတ်ခြင်း၊ မိဘဆွေမျိုးများနှင့် တွေ့ဆုံခြင်းများအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရန်၊

(၅) ပြိုင်ပွဲဝင်များ သက်သာချောင်ချိရေးအတွက် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်များ ဖွင့်လှစ်ပေးရန်၊

(၆) အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၇) ပြိုင်ပွဲကျင်းပမည့်နေရာများ၊ ရေချိုးခန်းများ၊ အိမ်သာများနှင့် အဆောက်အဦများ ပတ်ဝန်းကျင် သန့်ရှင်းရေးအား နေ့စဉ်ဆောင်ရွက်ပေးရန်၊

(၈) ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့များအား ကြပ်မတ်ဆောင်ရွက် ပေးရန်၊

(၉) ရေနှင့် လျှပ်စစ်မီးဆိုင်ရာတာဝန်ခံများကို (၂၄) နာရီ တာဝန်ချထားရန်နှင့် အရန်မီးစက်ထားရှိနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(၁၀) သောက်ရေသန့်အလုံအလောက်ရရှိရေးအတွက် ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၁၁) သောက်ရေအိုး၊ သောက်ရေခွက်၊ တံမြက်စည်း၊ အနံ့အသက်ပျောက်ဆေး၊ ထုံး စသည်များ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်။

ဒေါ်နုမြဖုံ
ဒုတိယဝန်ကြီး၊ ဥက္ကဋ္ဌ
(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

**ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်) (Bagan Coordinating Committee, Mandalay Region, Nyaung U District) နှင့် ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်) (Bagan Coordinating Committee, Magway Region, Pakokku District) ဖွဲ့စည်းခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၂/ ၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သော ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee–BAGANCOM) ၏ အပိုဒ် (၃) ပါ ဖော်ပြချက်အရ အောက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုကော်မတီများကို ဖွဲ့စည်းလိုက်သည်–

(က) **ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်) (Bagan Coordinating Committee, Mandalay Region, Nyaung U District)**

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ကျောင်းအုပ်ကြီး<br>ယွန်းပညာကောလိပ်၊ ပုဂံမြို့<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညောင်ဦးခရိုင်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ညောင်ဦးခရိုင်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး၊ ညောင်ဦးခရိုင်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ခရိုင်ဦးစီးမှူး<br>ခရိုင်ဦးစီးမှူးရုံး၊ ညောင်ဦးခရိုင်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ခရိုင်ပညာရေးမှူး<br>အခြေခံပညာဦးစီးဌာန၊ ညောင်ဦးခရိုင်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး<br>ညောင်ဦးခရိုင်၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၀) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၁၁) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ညောင်ဦးခရိုင်

(၁၂) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန၊ ညောင်ဦးမြို့
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၃) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ညောင်ဦးခရိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၄) မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ညောင်ဦးခရိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၅) လေဆိပ်တာဝန်ခံ — အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ညောင်ဦးခရိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၆) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၇) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၈) ခရိုင်သာသနာရေးမှူး — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန၊ ညောင်ဦးခရိုင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၉) ခရိုင်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ခရိုင်မြေစာရင်းဦးစီးဌာန၊ ညောင်ဦးခရိုင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂၀) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန၊ ညောင်ဦးခရိုင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၂၁) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညောင်ဦးခရိုင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂၂) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂၃) ခရိုင်လျှပ်စစ်မန်နေဂျာ — အဖွဲ့ဝင်
ညောင်ဦးခရိုင်လျှပ်စစ်မန်နေဂျာရုံး
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၂၄) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) — အဖွဲ့ဝင်
လမ်းဦးစီးဌာန၊ ညောင်ဦးခရိုင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂၅) တပ်ဖွဲ့စုမှူး — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့၊ ပုဂံမြို့
ညောင်ဦးခရိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၂၆) ဦးစီးအရာရှိ — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ညောင်ဦးခရိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂၇) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

(၂၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း

(၂၉) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာ့ယွန်းထည်အသင်း

(၃၀) ညွှန်ကြားရေးမှူး၊ ပုဂံဌာနခွဲ — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**( ခ ) ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်)**
**(Bagan Coordinating Committee, Magway Region, Pakokku District)**

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပခုက္ကူခရိုင်
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဥပဒေအရာရှိ — အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး၊ ပခုက္ကူခရိုင်
ဥပဒေရေးရာဝန်ကြီးဌာန

(၄) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၅) ခရိုင်ပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန၊ ပခုက္ကူခရိုင်
ပညာရေးဝန်ကြီးဌာန

(၆) ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပခုက္ကူခရိုင်၊ ကျန်းမာရေးဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပခုက္ကူခရိုင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၈) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပခုက္ကူခရိုင်

(၉) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပခုက္ကူခရိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၀) မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပခုက္ကူခရိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပခုက္ကူခရိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန

(၁၂) ခရိုင်သာသနာရေးမှူး — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) ခရိုင်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ခရိုင်မြေစာရင်းဦးစီးဌာန၊ ပခုက္ကူခရိုင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၄) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၅) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပခုက္ကူခရိုင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၆) ခရိုင်လျှပ်စစ်အင်ဂျင်နီယာ — အဖွဲ့ဝင်
ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၁၇) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) — အဖွဲ့ဝင်
လမ်းဦးစီးဌာန၊ ညောင်ဦးခရိုင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၈) ဒုတိယညွှန်ကြားရေးမှူး၊ မကွေးဌာနခွဲ — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**( ဂ ) ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်) နှင့် ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်) တို့၏ လုပ်ငန်းတာဝန်များ**

(၁) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဒေသအလိုက် ပူးပေါင်းထိန်းသိမ်းရန်နှင့် မှတ်တမ်းတင်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး စောင့်ကြည့်ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) UNESCO နှင့် အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ၊ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ လူမှုအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခုပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးနှင့် တစ်ဖက်ကလည်း လူမှုရေးအကျိုးအမြတ်များရရှိရေးအတွက် သတင်းအချက်အလက်များဖလှယ်၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်၍ အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၆) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များမထိခိုက်စေရန် ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(၇) လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များနှင့် သတ်မှတ်စည်းကမ်းများကို လိုက်နာစေရန် ဒေသခံများအား ပညာပေးခြင်း၊ ဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်၊

(၈) UNESCO မှ သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များအား ဒေသရှိဌာနဆိုင်ရာများနှင့် ဒေသခံများ လိုက်နာဆောင်ရွက်စေရေး ပညာပေးရန်၊

(၉) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူလူထုပါ ပါဝင်လာအောင် ဆောင်ရွက်ရန်၊

(၁၀) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊ ကြားခံဒေသများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ လိုက်နာစေရေး ကြီးကြပ်မှုပေးရန်၊ အသိပညာပေးရန်၊ ဟောပြောပို့ချရန်၊ ပူးပေါင်းပါဝင်အောင် လှုံ့ဆော်ဆောင်ရွက်ရန်၊

(၁၁) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းအဆောက်အအုံများရှိ ဂေါပကများ၏ စီမံခန့်ခွဲမှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန်။

၂။ ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ
ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ကောင်စီအဖွဲ့ဝင် (၁) — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဃ) တိုင်းဒေသကြီး/ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဓ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ပေးအပ်ပါက ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေး စီမံဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးမှုစနစ် ထူထောင်ရေး၊ ကြိုတင်သတိပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီအောက်ခြေအထိ ဆက်လက်အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) သဘာဝဘေးအရွယ်အစားအရ လုပ်ငန်းစဉ်အလိုက် ပါဝင်ဆောင်ရွက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ကူညီပံ့ပိုးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်း အရှိန်အဟုန်ကိုမြှင့်တင်ရန်၊

(ဆ) သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆောင်ရွက်မှုများ၌ အမျိုးသားကော်မတီရုံးအဖြစ် တာဝန်ယူဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးစီမံခန့်ခွဲမှုစက်ဝန်းပါ လုပ်ငန်းကဏ္ဍများအလိုက် လိုအပ်သော ဥပဒေများ၊ စီမံချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ဗဟိုချက်အဖြစ် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးကူညီခြင်းတို့ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊

(ဈ) နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတိုင်းတွင် သဘာဝဘေးလျော့ပါးရေးအစီအမံများပါဝင်ရေး၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ည) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြစ်ပွားလေ့ရှိသော ဘေးအမျိုးအစား၊ ဖြစ်ပွားလေ့ရှိသော အချိန်ကာလ၊ ဒေသ၏အရင်းအမြစ်နှင့် ဒေသလိုအပ်ချက်များပေါ် မူတည်၍ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်များ၊ လုပ်ငန်းအစီအမံများရေးဆွဲရာတွင် လိုအပ်သောနည်းပညာ၊ ကျွမ်းကျင်မှု၊ ငွေကြေး၊ ပစ္စည်း စသည့် အရင်းအမြစ်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်၊

(ဋ) သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်မြှင့်မားတိုးတက်စေရေးအတွက် နည်းပညာ၊ ပစ္စည်းကိရိယာ၊ ငွေကြေးစသော အရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းကော်မတီများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဌ) ဘေးဖြစ်ပွားမှုနှင့် ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာအလိုက် အမျိုးသားကော်မတီရုံး ဖွင့်လှစ်လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ရှေ့တန်းကွပ်ကဲမှုစခန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဍ) သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာနည်းပညာများ စဉ်ဆက်မပြတ်ရရှိစေရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် ပြည်တွင်း ပြည်ပသင်တန်းကျောင်းများ၊ တက္ကသိုလ်များ၊ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဎ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဏ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(တ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာ စိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**

**ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (တ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (န) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ခခ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ဂဂ) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်

(ဃဃ) ဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် — အဖွဲ့ဝင်

(ငင) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘဏ်များအသင်း — အဖွဲ့ဝင်

(စစ) ဥက္ကဋ္ဌ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း — အဖွဲ့ဝင်

(ဆဆ) ဥက္ကဋ္ဌ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း — အဖွဲ့ဝင်

(ဇဇ) ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(ဈဈ) ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကိုစုဆောင်း၍ ဗဟိုကော်မတီသို့ သုံးသပ်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ စီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့်ချိတ်ဆက်၍ ပညာပေး မြှင့်တင်ခြင်း၊

(စ) ပြည်တွင်း ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုး ဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြံပြုချက်များ ရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်း ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာန များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်း အကောင်အထည်ဖော်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဌ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း။

၃။ လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၃၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အတွင်းရေးမှူး
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

## ဆိုက်ဘာလုံခြုံရေး စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် e-Government စနစ်လုပ်ငန်းများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စိစစ်အကြံပြုနိုင်ရန် ဆိုက်ဘာလုံခြုံရေးစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ခေါင်းဆောင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(င) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
တပ်မတော်သတင်းအချက်အလက်နည်းပညာဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(စ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ ဆိုက်ဘာလုံခြုံရေးစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်၊ လုပ်ငန်းစီမံချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) e-Government စနစ်များအား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကိုစိစစ်၍ လိုအပ်သည်များကို အကြံပြုခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးစေရေး အကြံပြုခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှုများဖြစ်ပေါ်ပါက အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ဖော်ထုတ်အရေးယူနိုင်ရေး အစီအမံများထားရှိရန် ဆောင်ရွက်စေခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား မျှဝေအသိပေးခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ်တို့ကို အချိန်နှင့်တစ်ပြေးညီ မျှဝေအသိပေးခြင်းနှင့် ကြိုတင်ကာကွယ်နိုင်ရေး အကြံပြုခြင်း။

မြထွန်းဦး
ဥက္ကဋ္ဌ
ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

### အလုပ်သမားများအတွက် အပိုထောက်ပံ့ကြေးငွေ သတ်မှတ်ကြေညာခြင်း

၁။ အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ ဆုံးဖြတ်ခဲ့သည့် **မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၆၀၀ (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၄,၈၀၀ (လေးထောင့်ရှစ်ရာကျပ်)** ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ဖြင့် ထုတ်ပြန် သတ်မှတ်ခဲ့ပါသည်။

၂။ ထိုသို့အနည်းဆုံးအခကြေးငွေနှုန်း အလုပ်ချိန် (၈) နာရီ တစ်ရက်အတွက် ကျပ် ၄,၈၀၀ သတ်မှတ်ခဲ့ခြင်းအပေါ် ၉-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် ၁-၁၀-၂၀၂၃ ရက်နေ့မှစ၍ အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ (တစ်ထောင်ကျပ်တိတိ) ကိုလည်းကောင်း၊ ၉-၈-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေအရ ခံစားခွင့်ပြုရန် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ "လုပ်ခကို အလုပ်ချိန်တစ်နေ့ (၈) နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄,၈၀၀ အပေါ်တွင် အပိုထောက်ပံ့ကြေးကျပ်၁,၀၀၀ကို၂၀၂၃ခုနှစ်အောက်တိုဘာလမှစတင်၍ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁,၀၀၀ ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇,၈၀၀ (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ) ကို ခွင့်ပြုရန်ဖြစ်ပါသည်" ဟု ဘဏ္ဍာရေးနှင့် အခွန်

ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၂၅ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် အလုပ်လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအရ ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

၅။ ဤသတ်မှတ်ချက်သည် အလုပ်သမား (၁၀) ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ
အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၅၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅) နှင့် (၉/၂၀၂၅) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဦးနိုင်ထွန်းလင်း၊ ဒေါ်ယုယုဝင်း၊ ဒေါ်ဇင်လဲ့လဲ့အောင်နှင့် ဒေါ်ဇင်မာနွယ်တို့ (၄) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၅၈/၂၀၂၅)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်း ဌာနမှ ရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး (ကိုယ်စားလှယ်)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးအောင်ကျော်နှင့် ဦးပေါ်ဦးတို့ (၂) ဦးအား လက်ထောက်မန်နေဂျာ (ကိုယ်စားလှယ်)၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၅/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

### ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ်ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ်ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ တရားမဝင်ကုန်စည်စီးဆင်းမှု ပပျောက်စေရေး၊ တရားမဝင်ကုန်သွယ်မှုအား ပိုမိုထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးနှင့် ထိရောက်သည့် ပြစ်ဒဏ် ချမှတ်နိုင်ရေးအတွက် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ဇယားအမှတ်စဉ် ၂၀ အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ထိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါက ဆိုင်းငံ့ကာလ သက်တမ်းတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅၀၂/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မွေးမွေးခိုင် အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၂၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးစိုးဟန် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/တမန (နိုင်) ၀၅၃၄၈၇] အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းဥပဒေ

အခန်း (၃)၊ ပုဒ်မ ၆ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃ (ခ) အရ နိုင်ငံ့ဝန်ထမ်း အဖြစ်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

သန်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအောက်ဖော်ပြပါရဲအုပ်(၅)ဦးတို့အား ဒုတိယရဲမှူး၊လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၄၄၅၅၀ ရဲအုပ် ရဲနောင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၈၄၆
(၂) လ ၂၁၈၆၁၉ ရဲအုပ် စိုးမင်းပိုင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၈၄၇
(၃) လ ၁၅၆၄၉၈ ရဲအုပ် မြစိုး မွန်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၈၈၄၈
(၄) လ ၁၉၇၁၄၈ ရဲအုပ် အောင်သူမိုး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ — ရဲ ၈၈၄၉
(၅) လ ၂၄၄၅၂၉ ရဲအုပ် အောင်ကျော်သူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ — ရဲ ၈၈၅၀

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၅၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၆) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၀၆၃၄၃ ရဲအုပ် ကျော်ကျော် သတင်းရဲတပ်ဖွဲ့ — ရဲ ၈၈၅၁
(၂) လ ၂၁၁၁၂၀ ရဲအုပ် ထွန်းလှမိုးငယ် သတင်းရဲတပ်ဖွဲ့ — ရဲ ၈၈၅၂
(၃) လ ၂၁၆၃၀၅ ရဲအုပ် ဇာဇာအောင် သတင်းရဲတပ်ဖွဲ့ — ရဲ ၈၈၅၃
(၄) လ ၂၁၇၀၉၆ ရဲအုပ် သန့်ဇင် သတင်းရဲတပ်ဖွဲ့ — ရဲ ၈၈၅၄
(၅) လ ၂၁၈၅၇၉ ရဲအုပ် အောင်ဇေလင်း သတင်းရဲတပ်ဖွဲ့ — ရဲ ၈၈၅၅
(၆) လ ၂၀၆၁၅၄ ရဲအုပ် ကျော်မျိုးနိုင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၈၈၆၅

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၅၆/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၁၀) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၃၈၄၈၇ ရဲအုပ် မင်းနိုင် — ရဲ ၈၈၅၆
ဒုတိယရဲချုပ် (၂) ရုံးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၂) လ ၁၈၈၃၃၁ ရဲအုပ် စိုးမြင့်အောင် — ရဲ ၈၈၅၇
ရဲရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၃) လ ၂၀၄၈၄၁ ရဲအုပ် စိုးထက်မောင်မောင် — ရဲ ၈၈၅၈
ရဲရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၄) လ ၁၇၃၀၉၇ ရဲအုပ် ဝင်းသူရမောင် — ရဲ ၈၈၅၉
ရဲရေးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၅) လ ၂၅၃၆၃၁ ရဲအုပ် ခိုင်လွင်လွင်ထွန်း — ရဲ ၈၈၆၀
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၆) လ ၂၂၁၈၈၀ ရဲအုပ် ခိုင်စိုးဦး — ရဲ ၈၈၆၁
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၇) လ ၂၄၄၅၄၄ ရဲအုပ် ရာဇာဝင်းစိုး — ရဲ ၈၈၆၂
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၈) လ ၂၅၃၅၆၂ ရဲအုပ် ယဉ်ယဉ်အေး — ရဲ ၈၈၆၃
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၉) လ ၂၆၄၂၇၅ ရဲအုပ် ကျော်ဇင်ဝင်း — ရဲ ၈၈၆၄
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၁၀) လ ၂၁၆၉၂၉ ရဲအုပ် ဟန်ကိုဦး — ရဲ ၈၈၆၆
ရဲဦးစီးဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၅၇/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၉) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိနေရာ၌ပင် တာဝန်ချထားလိုက်သည်-

(၁) လ ၂၃၈၅၁၉ ရဲအုပ် အောင်ကျော်ဦး — ရဲ ၈၈၆၇
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၂) လ ၂၅၃၅၅၂ ရဲအုပ် အေးသက်ချို — ရဲ ၈၈၆၈
မှုခင်းရဲတပ်ဖွဲ့

(၃) လ ၂၅၃၆၄၀ ရဲအုပ် ဖူးပွင့်သော် — ရဲ ၈၈၆၉
လေကြောင်းရဲတပ်ဖွဲ့

| | | |
|---|---|---|
| (၄) | လ ၂၅၃၅၁၇ ရဲအုပ် ငွေးသူဝင်း<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၈၈၇၀ |
| (၅) | လ ၂၅၃၆၃၀ ရဲအုပ် မေစံပယ်ဦး<br>မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၈၇၁ |
| (၆) | လ ၂၅၃၅၁၄ ရဲအုပ် သင်းသင်းဆွေ<br>ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၈၇၂ |
| (၇) | လ ၂၅၃၅၄၂ ရဲအုပ် နိန်းစိမ်း<br>အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၈၈၇၃ |
| (၈) | လ ၂၅၃၆၅၉ ရဲအုပ် မျိုးသီဟ<br>အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်း | ရဲ ၈၈၇၄ |
| (၉) | လ ၂၈၁၄၇၀ ရဲအုပ် ဆုအိန္ဒြာမိုးမြင့်<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | ရဲ ၈၈၇၅ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅၈/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအောက်ဖော်ပြပါရဲအုပ်(၃)ဦးတို့အား ဒုတိယရဲမှူး၊လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၈၄၆၈၂ ရဲအုပ် နေသက်ဦး<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၈၈၇၉ |
| (၂) | လ ၁၉၆၂၄၅ ရဲအုပ် ကျော်စိုးမိုး<br>မှုခင်းရဲတပ်ဖွဲ့ | ရဲ ၈၈၈၀ |
| (၃) | လ ၂၂၄၅၅၄ ရဲအုပ် မျိုးကျော်<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ရဲ ၈၈၈၁ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆၄/၂၀၂၅)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ညွှန်ကြားရေးမှူး (၉) ဦးတို့အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ခင်အေးဝင်း (ပ/ ၃၄၇၂)<br>မကွေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| (၂) | ဦးအောင်ချမ်းငြိမ်း (ပ/ ၇၁၃၃)<br>တီးတိန်ခရိုင် | တံတားဦးခရိုင် |
| (၃) | ဦးကျော်ငြိမ်း (ပ/ ၄၉၄၃)<br>တံတားဦးခရိုင် | ချီဖွေခရိုင်<br>(မန္တလေးတိုင်းဒေသကြီးတွဲဖက်) |
| (၄) | ဦးမိုးထက် (ပ/ ၅၀၂၁)<br>တနင်္သာရီတိုင်းဒေသကြီး | ကလေးခရိုင် |
| (၅) | ဦးကျော်စိုးတင့် (ပ/ ၇၁၄၇)<br>ကလေးခရိုင် | မိုးညှင်းခရိုင် |
| (၆) | ဦးညီညီလွင် (ပ/ ၄၇၆၄)<br>မိုးညှင်းခရိုင် | မက်မန်းခရိုင် |

| | | |
|---|---|---|
| (၇) | ဦးကျော်ဝင်းလှိုင် (ပ/ ၆၉၂၇) နတ်တလင်းခရိုင် | လှည်းကူးခရိုင် |
| (၈) | ဦးဘုန်းမြတ်သူ (ပ/ ၃၆၉၁) ထားဝယ်ခရိုင် | မင်္ဂလာဒုံခရိုင် |
| (၉) | ဦးကောင်းညွန့် (ပ/ ၅၃၉၇) မင်္ဂလာဒုံခရိုင် | ထားဝယ်ခရိုင် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆၅/၂၀၂၅)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၈) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးဝေမောင် (ပ/ ၃၉၃၁) ကျိုင်းတုံခရိုင် | မိုင်းယောင်းခရိုင် |
| (၂) | ဒေါ်ခင်ထားနွယ် (ပ/ ၃၆၃၆) ရန်ကုန်တိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |
| (၃) | ဦးသက်လွင် (ပ/ ၄၀၁၇) ကလောခရိုင် | ဂန့်ဂေါခရိုင် |
| (၄) | ဦးအောင်ကျော်နိုင် (ပ/ ၃၉၉၁) မင်းဘူးခရိုင် | ကွတ်ခိုင်ခရိုင် |
| (၅) | ဦးရဲမင်းမြတ် (ပ/ ၄၈၀၅) ရုံးချုပ် | ချင်းပြည်နယ် |
| (၆) | ဦးတင်ရွှေ (ပ/ ၅၀၃၃) မြဝတီခရိုင် | နတ်တလင်းခရိုင် |
| (၇) | ဦးဇော်နိုင်ဦး (ပ/ ၇၁၅၉) မအူပင်ခရိုင် | တီးတိန်ခရိုင် |
| (၈) | ဦးသန်းလွင် (ပ/ ၃၈၉၆) တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး |

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး (စီမံ) ဦးကျော်ကျော်ဇော် အား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ဒုတိယ ပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၅)**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) မှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ မျိုးမျိုးသန့်<br>တွဲဖက်ပါမောက္ခ<br>မြန်မာစာဌာန | ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မြန်မာစာဌာန |
| ( ခ ) | ဒေါ်လဲ့လဲ့ထွေး<br>တွဲဖက်ပါမောက္ခ<br>စက်မှုအင်ဂျင်နီယာဌာန | ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စက်မှုအင်ဂျင်နီယာဌာန |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၉/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလေးနိုင် ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးလေးနိုင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားစေပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ဝါဝါမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၆၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ e-Government ဌာနမှ လဝက-၁၄၆၂၈ ညွှန်ကြားရေးမှူး ဦးယဉ်ထွေး သည် ၉-၃-၂၀၂၆ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ ၉-၁၁-၂၀၂၅ ရက်နေ့မှ ၈-၃-၂၀၂၆ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးယဉ်ထွေး အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**မွန်ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ အတွင်းရေးမှူးနှင့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ် အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် ၂၃၃/၂၀၂၂ ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ အတွင်းရေးမှူး ဒေါ်ခင်ခင်အောင်၊ ဒုတိယညွှန်ကြားရေးမှူး **အစား** ဒေါ်နီနီလွင် ဒုတိယ ညွှန်ကြားရေးမှူးအားလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၄၂၄/ ၂၀၂၁ ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် ဒေါ်တိုးတိုးချစ်၊ ဒုတိယညွှန်ကြားရေးမှူး **အစား** ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူးအားလည်းကောင်း အစားထိုး ခန့်အပ်တာဝန် ပေးလိုက်သည်။

အောင်ကျော်ဟိုး<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းဦး [၉/ လဝန (နိုင်) ၁၀၈၉၂၆]၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှ စတင်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂)၊ ပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၇/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) အား အရာထမ်းရာထူး (၆၇၈) နေရာ၊ အမှုထမ်းရာထူး (၁၁၄၉) နေရာ စုစုပေါင်းရာထူး (၁၈၂၇) နေရာဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၈/ ၂၀၂၅)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) အား အရာထမ်းရာထူး (၆၇၈) နေရာ၊ အမှုထမ်းရာထူး (၁၁၄၉) နေရာ စုစုပေါင်းရာထူး (၁၈၂၇) နေရာဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၆၄၇၆၇) နေရာ၊ အမှုထမ်းရာထူး (၈၂၇၇၃၄) နေရာ စုစုပေါင်းရာထူး (၈၉၂၅၀၁) နေရာဖြင့်လည်းကောင်း အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်-

| စဉ် | ဌာန | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| က | ပြည်ထောင်စုဝန်ကြီးရုံး | ၆၄ | ၁၅၈ | ၂၂၂ |
| ခ | အဆင့်မြင့်ပညာဦးစီးဌာန | ၁၉၄ | ၆၃၄ | ၈၂၈ |
| | ဝိဇ္ဇာ/ သိပ္ပံတက္ကသိုလ် (၄၉)၊ အခြားဝန်ကြီးဌာနတက္ကသိုလ်/ ဒီဂရီကောလိပ် (၂၇)၊ စုစုပေါင်း (၇၆) ကျောင်း | ၄၂၉၆၄ | ၅၀၈၅၉ | ၉၃၈၂၃ |

| စဉ် | ဌာန | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ဂ | ဆရာအတတ်ပညာဦးစီးဌာန | ၅၅ | ၁၆၉ | ၂၂၄ |
| | ပညာရေးဒီဂရီကောလိပ် (၂၅) ကျောင်း | ၄၄၂၅ | ၇၄၅၀ | ၁၁၈၇၅ |
| ဃ | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၉၈ | ၃၇၃ | ၄၇၁ |
| င | အခြေခံပညာဦးစီးဌာန | ၁၅၇၃၄ | ၇၆၆၀၁၆ | ၇၈၁၇၇၀ |
| စ | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | ၆၅ | ၂၂၆ | ၂၉၁ |
| ဆ | မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | ၇၅ | ၁၁၁ | ၁၈၆ |
| ဇ | ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | ၇၁ | ၂၂၉ | ၃၀၀ |
| ဈ | လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | ၂၅ | ၆၀ | ၈၅ |
| ည | Naypyitaw State Academy | ၉၉၇ | ၁၄၂၉ | ၂၄၂၆ |
| စုစုပေါင်း | | ၆၄၇၆၇ | ၈၂၇၇၃၄ | ၈၉၂၅၀၁ |

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်း၊ တံတားဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/ ၁၉၄၅ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းစိုး အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ဗဟိုသင်တန်းကျောင်း၊ တံတားဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (တံတား) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၃/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆလက/၄၄၀၃၈၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) ဦးထွန်းထွန်းခိုင် အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၅) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

အမှတ် ၂၁၈/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

မျိုးကျော် ကြည်း ၈၁၅၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

အမှတ် ၂၁၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

ဇော်မိုးကျော် ကြည်း ၈၁၅၂၆

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

အမှတ် ၂၂၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | | | |
|---|---|---|---|---|
| (၁) | အောင်မိုးလွင် | ကြည်း | ၈၁၅၂၇ | ၁-၁၁-၂၀၂၅ |
| (၂) | ခင်မောင်သန်း | ကြည်း | ၈၁၅၂၈ | ၂-၁၁-၂၀၂၅ |
| (၃) | မြင့်ကြိုင် | ကြည်း | ၈၁၅၂၉ | ၂-၁၁-၂၀၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း (၂)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၂၄ (က/ခ) တွင် တည်ဆောက်ထားသော Mottama Logistics Hub Co.,Ltd ၏ ဆိပ်ကမ်းအား ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းနေရာအဖြစ် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့အထိ (၆) လ သတ်မှတ်လိုက်သည်။

**အမိန့်အာဏာ။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ဘခ-၁/ ၃/ ၁၅ (၂၄၈၀/ ၂၀၂၅)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၄၄/ ကျောက်ကျင်း)၊ ဦးပိုင်အမှတ် (၆၇) ရှိ **မြေဧရိယာ ၀.၃၆၇ ဧက** အား **ဓမ္မရိပ်ငြိမ်ရွှေပါရမီသီလရှင်ကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀ အေ)၊ မြေကွက်အမှတ် (၆-အေ/ ၂) ရှိ **မြေဧရိယာ ၁.၃၆၂ ဧက** အား **ဖြဟ္မနိမ္မိတာရုံကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

### ရုံးတွင်းအမိန့်စာအမှတ် (၉၃၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

၁၆-၁၀-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရတနာပြပွဲဆိုင်ရာနှင့် ဥပဒေရေးရာဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်လွင် [၇/ပခန (နိုင်) ၀၁၈၀၅၈] အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ၁၄-၁၂-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ၁၃-၄-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးပြီးနောက် ၁၄-၄-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် (SUPERANNUATION PENSION) ခံစားခွင့်ပြုလိုက်သည်။

မောင်မောင်ရိုမ်း
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်သည့်**
**DKSH Smollan Field Marketing Myanmar Limited ၏**
**အပြီးသတ်အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီမှတ်ပုံတင်အမှတ် – (၁၁၅၃၆၈၀၈၇) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော **DKSH Smollan Field Marketing Myanmar Limited** ၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းထားရန် လျှောက်ထားပြီး ဖြစ်ပါသည်။

**DKSH Smollan Field Marketing Myanmar Limited** ကို ဖျက်သိမ်းရာတွင် ကျင်းပရန်လိုအပ်သည့် အပြီးသတ်အစည်းအဝေးကို အမှတ် ၀၁၃၊ သစ္စာလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၊ နံနက် ၉:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးသို့ အစုရှယ်ယာရှင်များနှင့် မြီရှင်များ (ရှိပါက) တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းနှင့် ကုမ္ပဏီ၏ ပစ္စည်းများကို မည်သို့ စီမံခန့်ခွဲခဲ့သည်တို့ကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| Mr. Ankur Pandey | ဒေါ်မေသူလှိုင် |
| Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| DKSH Smollan Field Marketing Myanmar Limited | လက်မှတ်ရပြည်သူ့စာရင်းကိုင် စဉ် – ၁၄၄၉ |
| | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ |
| | အသင်းဝင်အမှတ် – ၀၀၀၇၅ |